"For Those Seeking The Truth & Dynamic Living"

သမ္မတရားနှင့် ကြွယ်ဝသော အသက်တာ ရှာဖွေသူအတွက်

# "Christ is Victor"

## "ခရစ်တော်သည် အောင်နိုင်သူ"

ဇန်နဝါရီ ၊ ဖေဖော်ဝါရီလ၊ ၂၀၁၁

"ငါသည် သင်တို့၏ သန့်ရှင်းသော ထာဝရဘုရား၊ဣသရေလအမျိုးကို ဖန်ဆင်းသော ဘုရား၊ သင်တို့၏ရှင်ဘုရင်ဖြစ်၏၊ ပြင်းထန်သော ပင်လယ်ရေ၌ လမ်းခရီးကို ဖန်ဆင်းတော်မူ၏၊ " (ဟေရှာယ ၄၃း၁၅-၁၆)

ဤကဲ့သို့ဘုရားသခင်သည် ကိုယ်ကို မိန့်တော်မူ၏၊ ဣသရေလ လူတို့လွတ်မြောက်နိုင်ဖို့ ဘုရားသခင်သည် ပင်လယ်၌ လမ်းပြင်ဆင်ပေး၏၊ ဖါရောသည် သူတို့၏ ဘုရင် မဖြစ်တော့ပါ။ ဖါရော ဘုရင်လက်အောက်၌ အသက်ရှင်စဉ် သူတို့သည် အခက်ခဲရင်ဆိုင်ကြသည်။ ကျွန်ဘဝမှ လွတ်မြောက်ခြင်းလိုလားကြသည်။ စာတန်မာရ်နတ်သည် လူသားကို ဝေဒနာခံစားခြင်း သို့မဟုတ် ပျက်ဆီးခြင်း သို့လမ်းပြပို့ဆောင်ခဲ့သည်။ ကယ်တင်ရှင်သည် ဘယ်သူလဲ၊ ကယ်တင်ရှင်သည် ကျွန်ခံနေရသော လူတို့အား ကယ်လွတ်တော်မူသော သူဖြစ်သည်။ ကျွန်ခံနေသော ဣသရေလတို့အား ကယ်လွတ်တော်မူသော "ထွက်မြောက်ခြင်းသည်" ကယ်တင်ခြင်း အဖြစ်အပျက်တရပ်ဖြစ်သည်။ ဤအဖြစ်အပျက်သည် ဘုရားသခင်၏ သစ္စာရှိခြင်းနှင့် ချစ်ခြင်းမေတ္တာ၌ အခြေခံသည်။ သခင်ယေရှု၏ အသေခံခြင်းသည် ထွက်မြောက်ခြင်းကို ရည်ညွှန်းသည်။

မကြာခဏလူသားတို့၏ အယူအဆနှင့် ဘုရားသခင်၏ အယူအဆ ခြားနားခြင်းကို မမြင်နိုင်ကြပေ။ ကျမ်းစာ မိန့်တော်မူသည်မှာ "လူထင်သည့်အတိုင်း လက္ခဏာများရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ပို့သည့်လမ်းခရီးတမျိုးရှိ၏။"

(သုတ္တံ ၁၄း၁၂) သင်၏အယူအဆ၊ စီမံကိန်းနှင့်လမ်းများ သည် ဖြောင့်မတ်သည်ဟု ပြောနိုင်၏။ လုံးဝမဟုတ်ပါ။ ကွန်ုပ်တို့၏ ယုံကြည်ခြင်းကို မှန်ကန်သော သွန်သင်ခြင်းဖြင့် ကျောက်စွဲနေစေခြင်းနှင့် ဘုရားသခင်ကို သိကျွမ်းခြင်းဟုသည်မှာ ဘုရားသခင်ကို ကိုးစားခြင်း၊ နာခံခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းရှိသော အသက်တာပင်ဖြစ်သည်။

ဣသရေလ အမျိုးများအတွက် ချမှတ်ထားသော ဘုရားသခင်၏ ပညတ်တော်များတွင် အပြစ်ကျူးလွန်မှုများအတွက် ပြစ်ဒဏ်စီရင်ခြင်းအများအပြားထည့်ထားတော်မူသည်။ တခါတရံ ရိုက်နက်ဆုံးမခြင်း သို့မဟုတ် သေဒဏ်ပေးခြင်းဖြင့် ပြစ်ဒဏ် စီရင်သည်။ ခရစ်တော်ကို ယုံကြည်သောသူတို့သည် အပြစ်ဒဏ်စီရင်ခြင်းကို ကြောက်စရာမလိုပါ။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် သူတို့အတွက် အသေခံတော်မူပြီး သူတို့သည် အပြစ်ခွင့်လွှတ်ခြင်းခံနေရသောကြောင့်ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်သူများသည် မိမိတို့၏ ဝိညဉ်ရေးအသက်တာ၌ ကြီးထွားရင့်ကျက်စေရန် အထောက်အကူအနေဖြင့် ဘုရားသခင်ထံမှ ဆုံးမတော်မူခြင်းကို ခံရဘွယ်ရှိသည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင် လမ်းပြပို့ဆောင်ခဲ့သည်။ ပြင်းထန်သော ပင်လယ်၌ လမ်းခရီးကိုလည်း ဖန်ဆင်းပေးတော်မူ၏။ ဘုရားသခင်သည် တညဥ့်လုံး၌ အားကြီးသော အရှေ့လေအားဖြင့် ပင်လယ်ရေကို လှန်ပြန်၍ မြေကို ပေါ်စေတော်မူသည်နှင့် ပင်လယ်ရေသည် ကွဲပျက်လျက်ရှိ၏။ ကြီးမားသော ဘုရားသခင် တန်ခိုးကို ပြန်လည်တွေးတောကြပါ။ ကွန်ုပ်တို့သည် သန့်ရှင်းသော ရှေ့တော်သို့ဝင်ခွင့်ရအံ့ငှါ ခရစ်တော်သည် ကွန်ုပ်တို့ကို ပြန်လည်သန့်ရှင်းစေတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်ထံသို့ တိုက်ရိုက် ရောက်ရှိနိုင်ပြီဖြစ်သည်။ ။ ဣသရေလ လူမျိုးတို့ ရင်ဆိုင်ခဲ့ သော ပင်လယ်ရေကြီးသည် ကျွန်ုပ်တို့လည်း ရင်ဆိုင်တတ်၏။ ကျွန်ုပ်တို့၏အသက်တာ၌ ဝမ်းနည်းခြင်း အမျိုးမျိုးနှင့် ကြင်လည်နေကြသည်။ ထို့ကြောင့် ဘုရားသခင်ကိုသာ ရှေးဦးစွာ ရှာဖွေပြီး ယုံကြည်ကိုးစားရမည်ဖြစ်သည်။ ဘုရားသခင်သည် အကျွန်ုပ်တို့၏ အရှင်ဘုရင်ဖြစ်ပြီး ပြင်းထန်သော ပင်လယ်ရေပြင်၌ လမ်းခရီးကို ဖန်ဆင်းပေးတော်မူသည်။ ယောရှု ဒံယေလ

ဆန်းစစ်ရန်

"Reality Check"

"ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏၊ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။" (ရှင်ယောဟန် ၁၄း၆)

"များပြားသော ကျေးဇူးတော်"

"Grace Abounding"

ကျွန်ဘဝ၌ အပြစ်ဒဏ်ပေးပြီး သတ်မှတ်ထားသည့် အချိန်ကာလ ပြီးမြောက်လွတ်စေသော သူတယောက်သည် ရိုးသားဖြောင့်မတ်သော အသက်တာနှင့် အသက်ရှင်ဖို့ဆန္ဒရှိသည်။ တနေ့တော့သူသည် ကျောက်မျက်ရတနာများ ပိုင်ဆိုင်သော သူထံသို့သွား၍ ညအစောင့်ကြည့်သူအဖြစ် အလုပ်သွားတောင်းသည်။ သူသည် ကျောက်မျက်ရတနာများကို ကြည့်ရှုစောင့်ရှောက်ရန်နှင့် ပစ္စည်းများလုယက်ခြင်းမှ သေချာ ဂရုစိုက်စွာစောင့်ကြည့်ပေးရန်ခန့်ထားသည်။ ပထမညတွင် သူ၏ အပေါင်းအဖော်ဟောင်းနှင့် တွေ့ခဲ့ပြီး မေးခွန်းမေးမြန်းခြင်းခံခဲ့ရသည်။

သင်ဒီမှာ ဘာလုပ်နေတာလဲ၊ ကျွန်တော်သည် ဤကျောက်မျက်ရတနာများကို စောင့်ရှောက်ခဲ့သည်။ ဟုတ်ကဲ့၊ သင်၏ သဌေးကသင့်ကို သေချာစွာ သိပါသလား၊

မသိပါ၊ တိတ်ဆိတ်စွာ နေပေးသည်။ သင်သည် ပြစ်ဒဏ်ချခံသော သူဖြစ်ကြောင်း အသိပေးလိုက်မည်။ အို၊ မလုပ်ပါနဲ၊ ကွန်ုပ်သသည် ရိုးသားစွာ နေချင်ပြီ၊ ကောင်းပြီ၊ သင့်အကြောင်း မပြောကြားဖို့ ပိုက်ဆံအနည်းငယ် ပေးဖို့လိုမည်။ ကောင်းပြီ၊ ပေးပါမည်၊ ဒါပေမယ့် သူများမသိအောင် ထားပေးပါ။ နောက်မနေ့မကြာမီ သူ၏ သူဌေးက သင်၏အကြောင်းအားလုံးကို အကျွန်ုပ်သိပြီးပြီ သင့်ကို အကျွန်ုပ် ကိုးစားပြီး သစ္စာရှိစွာ နေပါဟုပြောခဲ့သည်။ ဤကဲ့သို့သော ခရစ်တော်သည် ကျေးဇူး တော်အပြည့်နှင့် အကျွန်ုပ်တို့ကို စောင့်ရှောက်နေသည်။ ခရစ်တော်သည် ချစ်ခြင်းမေတ္တာအပြည့်နှင့် အကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူ၏။ အက်ဖ်ဘီမီယီး

"စစ်မှန်သော ဗျာဒိတ်တော်"

"Real Revelation"

"သင်တို့သည် ကာလကြာသောကြောင့် ဆရာအဖြစ်သို့ ရောက်သင့်သော်လည်း ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေးဦးစွာ တရားနုတို့ကို သူတပါးထံ၌ တဖန် သင်ရသော အကြောင်းရှိသည်ဖြစ်၍ ကြေးခဲ့သောအစာကို မသုံးဆောင်ဖို့ကိုသာ သုံးဆောင်ရသောသူ ဖြစ်၏။" (ဟေဗြဲ ၅း၁၉)

ကယ်တင်ခြင်းသည် ဗျာဒိတ်အပေါ်မူတည်၏။ သင်၏ဇာတိသဘာဝကို ဖော်ပြလျှင် နောင်တရမှာ ဖြစ်သည်။ သင်၏ ဇာတိကို နက်နဲစွာလျှင် သင်၏ အသက်တာသည် အန္တရာယ်နှင့် ပြည့်လုံးပြီး ယိမ်းယိုင်နေကြောင်း ပိုမိုသိလာမှာ ဖြစ်သည်။ ဘုရားသခင်၏ ဗျာဒိတ်သည် သင်၏ အသက်တာ၌ ရောက်ရှိလာသည့်အခါသင်၏ အားနည်းချက်များနှင့် ဘုရားသခင်၏ အကြံအစည် တော်များ ကို သိနည်းလည်မှာဖြစ်သည်။ ထို့ပြင်မက ဘုရားသခင်၏ ကြီးမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ထာဝရတန်ခိုးတော် သဘာဝလောကအားဖြင့် အခိုင်အမာ ဖော်ပြနေသည်။ ထို့ကြောင့် သင်၏အသက်တာသည် အလိုတော်နှင့်အညီ ဘုန်းတော်ထင်ရှားဖို့၊ အသက်တာပေးဆပ်ဖို့ ဆန္ဒရှိလာမည်ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့အား လောကကို မခင်တွယ်ရန်နှင့် လောကီ အရာများကို တပ်မက်စွဲလမ်းခြင်းများ မရှိရန်တိုက်တွန်းနှိုးဆော်တော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဖြစ်စေ၊ အခြားသူများနှင့် ဖြစ်စေ မိတ်သဟာယဖွဲ့အားနည်းကာ သူစိမ်းဆန်ဆန် ခံစားရချိန်များတွင် အိမ်သားကဲ့သို့

ပျော်ရွှင်ငြိမ်သက်မှုဖြင့် အစားထိုးပေးနိုင်သူသည် ဘုရားသခင် တပါးတည်းသာ ဖြစ်ကြောင်း သတိပြုပါလေ။ ကျွန်ုပ်တို့သည် လောအဖြစ်နှင့် စာတန်၏ နောက်သို့မလိုက်ပါရန် မိမိတို့၏ဇာတိကို ခရစ်တော်နှင့်အတူ သင်္ဂြိုလ်ပစ်ရမည်။ လောကစံထားသော အရာများသည် အကျွန်ုပ်တို့၏ စံများအဖြစ် လက်ခံကျင့်သုံးခြင်းကို မပြုသင့်ပေ။

ယုံကြည်ခြင်းနှင့်အသက်တာလျှောက်လှမ်းပြီး သတင်းကောင်းဟောပြောသည့်အခါ ကယ်တင်ခြင်း၏ ဝမ်းမြောက်ခြင်းကို ခံစားမည်ဖြစ်သည်။ ဒါပေမယ့်သင်၏ ဇာတိဟောင်းခြင်း စွဲယူသည့်အခါ၌ အပြစ်ထဲဝင်ချလွတ်သည်။အမှန်စင်စစ်ကယ်တင်ခြင်းသည် ဗျာဒိတ်အား ဖြင့်ဖြစ် သည်။

သခင်ယေရှုကို ယုံကြည်သည့်အခါ ဝိညာဉ်ရေး ပြန်လည်မွေးဖွားခြင်းဖြစ် ပေါ်လာပြီး၊ ခရစ်တော်

အားဖြင့် ကယ်တင်ခြင်းကိုဖြစ်စေ၊ ဝိညာဉ်တော်အားဖြင့် အသက်တာသစ်ကိုဖြစ်စေ၊ ထာဝရအသက်တာစိတ်ချမှုကိုဖြစ်စေ၊ အပြစ်ရှိသော အသက်တာဟောင်းအပေါ် အောင်မြင်မှုကိုဖြစ်စေ ရရှိလာသည်။ ထိုသို့ရရှိခြင်းသည် ဘုရားရှင်၏ ဤသစ်ဖန်ဆင်းတော်မူခြင်းခံရ၍ မှန်သော အရာများကိုသာ လုပ်ဆောင်ရန်နှင့် စာတန်နှင့် သူ၏ နောက်လိုက်များ တိုက်ခိုက်ခြင်းမှ လုံခြုံမှုရရှိစေရန် အတွက်ဖြစ်သည်။ ကျွန်တော်၏ ဗကျောင်းသား ဘဝအချိန်တွင် ဘုရားသခင်သည် နေ့တိုင်း သတင်းကောင်း ဟောပြောဖို့ သတင်းပေးလေ့ရှိသည်။ တနေ့တော့ လက်သမားထံသို့ ဟောပြောရန် ဘုရားသခင်ထံ မှ သတင်းလက်ခံရရှိခဲ့သည်။ သူတို့နှင့်အတူထိုင်ပြီး သတင်းကောင်း ဝေမျှက်ခဲ့သည်။ ဘုရားကျေးဇူးတော်ကြောင့် တယောက်သည် အသက်တာပြောင်းလဲပြီး သတင်း ကောင်း ဟောဆရာ ဖြစ်လာသည်။ သင်သည် သူတပါးအတွက် သတင်းကောင်း ဟောပါသလား၊ သို့မဟုတ် နို့ကိုသာသုံးဆောင်သော သူဖြစ်မည်လား၊ သင်သည် ကြေးခဲ့သော အစာကို  သုံးဆောင်နိုင်လျှင် သူတပါး ကိုလဲ အစာကျွေးနိုင်မည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၊ စိတ်နှလုံးအကြွင်းမဲ့နှင့် တရားဟောသည့်အခါ များစွာ သောအသက်သည် ပြောင်းလဲခဲ့သည်။

အဲမ်(န်)ဒံယေလ

"အခြားသောနှစ် စတင်ပေါ်ထွက်လာခြင်း "

## "Another Year is Dawning"

နှစ်သစ်ကူးနီးလာသည်နှင့် ယခုနေ့ရက်ကာလတို့သည် တိုတောင်းကြောင်း ကာလအချိန်သည် လျှင်မြန်စွာ သွားလေကြောင်းသိစေခဲ့သည်။ ထို့ကြောင့် သတိရှိစွာ နေကြလျက်၊ ဘုရားသခင်၏အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူဖြစ်ကြလော့။

၁၈၇၄ ခုနှစ် ဇန်နဝါရီလမှာ မစ်စ်ဟာဗား(ဂဲ)လ်သည် ပြင်သစ်နိုင်ငံမှ သူငယ်ချင်းများ၏ နှစ်သစ်ကူးပွဲအတွက် နှုတ်ဆက်စကား ပျော်ရွှင်သော နှစ်သစ် ဟုခေါင်းစဉ်တပ်ထားခဲ့သည့် စာစောင်လက်ခံရရှိသည်။ နှစ်သစ်ကူးနှင့်ပတ်သက်သော နှုတ်ဆက်စကား အမျိုးမျိုးဖော်ပြထားခဲ့သည်။

အခြားသော နှစ်သစ်စတင် ပေါ်ထွက်လာသည်။ ချစ်မြတ်စွာသော ဖခင်၊

အခြားသော နှစ်ကို ကိုယ်တော်နှင့် စောင့်မျှော်နေသည်။

တိုးတက်ဖွံ့ဖြိုးသော အခြားသောနှစ်၊ ချီးကျူးထိုက်သော အခြားသောနှစ်။

အခြားသောနှစ်ကိုယ်တော်နှင့် အတူပါရှိသော နေ့ရက်များ။

အခြားသောနှစ်၏ ဂရုဏာ၊ သစ္စာနှင့် ကျေးဇူးတော်။

အခြားသောနှစ်၏ ပျော်ရွှင်ချမ်းမြေ့မှု။

အခြားသောနှစ်၏ ယုံကြည်ကိုးစားခြင်းနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း။

အခြားသောနှစ်၏ ဘုရားအတွက် သင်တန်းဖြစ်ခြင်း။

အခြားသောနှစ်သစ် စတင်ပေါ်ထွက်လာသည်။ ချစ်မြတ်စွာသောဖခင်။

ဤနှစ်သစ်နှုတ်ဆက် ကတ်ပြားပေးကမ်းခြင်းသည် နေရာအနှံ့အပြားတွင် စတင်ပြုလုပ်ကြပြီး အင်္ဂလန်နိုင်ငံတွင်လည်း လက်တွေ့ကျင့်သုံးခဲ့ကြသည်။ ဒီနှစ်သစ်၌လည်း တယောက်နှင့်တယောက် ပျော်ရွှင်ဝမ်းမြောက်စွာ နှစ်သစ်နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ကြစို့လို့ ပြင်ဆင်ကြပါ။

ကောက်နှုတ်ထားသည်။

"ယေရှုကိုသာ ကြည့်ရှုခြင်း "

"Looking unto Jesus"

တနေ့တော့ ယောက်ျားနှစ်ယောက်သည် နှင်းပေါ်တွင် ကစားကြသည်။ တယောက်က တယောက်ဆီမှာ ဤနှင်းပေါ်တွင် ဖြောင့်တန်းသော လမ်းပြုလုပ်ကြစို့ဟု ပြောခဲ့သည်။ တယောက်သည် သူ၏ အာရုံမျက်စိနှင့် သစ်ပင်ပေါ်ကို လှမ်းကြည့်ပြီး လျှောက်လှမ်းနေခဲ့သည်။ အခြားတယောက်သည်လည်း မျက်စိနှင့် သစ်ပင်ပေါ်ကို လှမ်းကြည့်ပြီး လျှောက်လှမ်းသည့်အခါ နောက်မကြာမီ နောက်ဘက်ပြန်လှည့်ပြီး မှန်မမှန်လှမ်းကြည့်သည်။ သူတို့သည် လမ်းပြုလုပ်ပြီးနောက် သူတို့လမ်းကို ပြန်ကြည့်သည်။ ပထမပြုလုပ်သူသည် မှန်၏။ ခရစ်ယာန် အသက်တာလည်း ဒီလိုပဲဖြစ်၏။ အကျွန်ုပ်တို့၏မျှော်လင့်ခြင်းမျက်စိ၊ ယုံကြည်ကိုးစားခြင်း နှင့် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်တန်းလျှောက်လှမ်းခြင်း အောင်မြင်သော အသက်တာ၌ ပြည့်လျှံမှာဖြစ်သည်။

"ညီကို ၇ ယောက်"

"Seven Brothers"

အိမ်ထောင်မပြုရသေးသော ညီအစ်ကို ၇ယောက်တို့သည် ကြီးမားသော အိမ်တအိမ်တွင် နေထိုင်ခဲ့ကြသည်။ ၆ ယောက်တို့သည် နေ့ တိုင်းအလုပ်ထွက်သွားပြီး ကျန်တယောက်သည် အိမ်စောင့်ခိုင်းကြသည်။ အိမ်စောင့်သူသည် ညီအစ်ကို ၆ ယောက်အလုပ်လုပ်စဉ် အိမ်တွင်းသန့်ရှင်းရေးလုပ်ပြီး ထမင်းချက်၊ အိမ်တွင်းအလုပ်ကို နေ့စဉ် လုပ်နေခဲ့သည်။

အလုပ်လုပ်နေသော ညီအစ်ကို ၆ယောက်တို့သည် တနေ့တော့ တစ်ယောက် အိမ်စောင့်ခြင်းသည် မတရားပါ၊ အားလုံးအလုပ်လုပ်ဖို့ရန် ကောင်းသည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ထို့ကြောင့် သူတို့၇ယောက်လုံးသည် အလုပ်လုပ်ခွင်သို့ သွားကြသည်။ သူတို့ညီအစ်ကို အားလုံးသည် အိမ်သို့ရောက်သည့်အခါ အလင်းပေးသည့်  မီးမရှိ၊ ထမင်းမချက်၊ အိမ်ကိုလည်း နေရဖို့ခက်လှစွာ လောက်အောင်ရှိသည်။ အမှန်စင်စစ် တရက်သည် အားလုံးအနားယူပြီး ဘုရားရှိခိုးဝတ်ပြုရန်ဖြစ်သည်။ တခြား ၆ရက်သည် ကျွေးမွေးပြုစုခြင်းအတွက်သာ ဖြစ်သည်။ ဥပုသ်နေ့ကို ယုတ်ညံ့နှိမ့်ချအောင်လုပ်သည့်အခါ ကျွန်ုပ်တို့နာကျင်စေသည်။

"များစွာသော အသီး"

*"Abundant Fruitfulness"*

"အကြင်သူသည် ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏၊ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။" (ရှင်ယောဟန် ၁၅း၅)

ခမည်းတော် ဥယျာဉ်စောင့်ဖြစ်တော်မူ၏။ အသီးသီးသော အခက်များကိုသာ သာ၍ သီးစေခြင်းငှါ သုတ်သင်ရှင်းလင်းတော်မူ၏။ ထို့ကြောင့် များစွာသော အသီးကို သီးတတ်၏။ ခရစ်ယာန်အသက်တာ၌ အလုပ်နှင့်အသီးကို ခွဲခြားပါသလား။ စက်သည် အလုပ်လုပ်နိုင်သော်လည်း လူသားကပဲ အသီးကို သီးနိုင်၏။ တရားဥပဒေသည်လည်း အတင်းအကျပ် အလုပ်ခိုင်းနိုင်၏။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာသည် များစွာသော အသီးကိုသီးနိုင်၏။ ဥယျာဉ်စောင့်သူသည် ပန်းသီးပင်စိုက်သည့်အခါ မြေတူးပြီး စိုက်လေ့ရှိသည်။ အပင်ကြီးထွားရှင်သန်ဖို့ ရေလောင်းပြီး မြေဩဇာကိုလဲ ပေးရမည် ဖြစ် သည်။ အသီးသီးနိုင်ဖို့ သူဘာမှ မလုပ်နိုင်၊ အပင်မှ အသီးကိုသီးနိုင်၏။ ဒီလိုပဲ ခရစ်ယာန် အသက် တာ၌

ဝိညာဉ်တော်၏ အသီးသည် ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်း များဖြစ်ကြ သည်။ ကျန်းမာသန်စွမ်းသော သူသည် များစွာသေ အသီးကို သီးနိုင်၏။သင်တို့အဘို့အလိုငှါ အစဉ်မပြတ်ဆုတောင်း ပဌနာပြုလျက် နေကြ၏။ " ဆုတောင်းသော အချက်ဟူမူကား၊ သင်တို့သည် ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကို သိသော ဥာဏ်ပညာတိုးပွားခြင်းရှိသဖြင့်ရင်း၊ ဝမ်းမြောက်သော စိတ်နှင့်အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်း အလို့ငှါ၊ ဘုန်းကြီးခြင်း တန်ခိုးတော်အတိုင်းခွန်အားနှင့် ပြည့်စုံသဖြင့်ရင်း အလိုတော်ကို အကုန်အစင်နားလည်ပါမည်ဖြစ်သည်။" (ကောလောသဲ ၁း၁၀)

ထို့ကြောင့် ဥယျာဉ်စောင့်သူကို နာခံပြီးများစွာသော အသီးသီးနိုင်မည်ဖြစ်သည်။ အကြင်သူသည် ငါ၌ တည်၍ ငါသည်လည်း သူ၌ တည်၏။ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။ ဥယျာဉ်စောင့်သူသည် သစ်ပင်၏ ကျမ်းမာရေးနှင့်  သန်မာစွမ်းအားမှုကို ကြည့်၏။ များစွာသော အသီးကို သီးနိုင်ဖို့ ခရစ်တော်၌တည်လျှင် ခရစ်တော်သည်လည်း ကျွန်ုပ်တို့၌ တည်၏။

အနှေ့မာရေး